
ဘာသာပြန် – MTSO(MBW)
ကျင့်ကြံခြင်းကမ္ဘာမှအင်တာနက်ကဖေး
စာစဉ် (၂၁)
Chapter ( 301-315 )

## အခန်း - 301
## ပြောင်းလဲသွားပြီ
*

[ ငါက ဆေးလိပ်သောက်နေတာမဟုတ်ဘူး။ အထီးကျန်ခြင်းကို သောက်နေတာ။ ]

[ဒီစကားက လေးစားစရာပဲ။ ]

"..."

စကားပြောခန်း အုပ်စုကြီးများအားလုံးသည် ဖန်းချီ၏ ဓာတ်ပုံနှင့်စာသား အပေါ်ပွဲဆူနေကြသည်။

တစ်ချိန်တည်းမှာ ... မိုရှန်းနှင့် သူမ၏အဖော်များကမူ အဖွဲ့ဝင်ကတ်ဝယ်ရန် အလွန်တွန့်ဆုတ် နေသော်လည်း ဝိဉာဉ်ကျောက်တုံးစဂ္ဂကို အသုံးပြုကာနေ့စဉ် ကွန်ပျူတာအချိန်ကို ရှစ်နာရီအထိ တိုးမြှင့်ခဲ့သည်။ သူမတို့ ယနေ့ အပိုင်း ရှစ်ပိုင်းကို ကြည့်ရှုခဲ့ကြသည်။ နန်ဟွားဂိုဏ်းကို ပြန်ရောက်တော့ ညဥ့်အချိန်ပင် ရောက်နေပြီ။

"လျှပ်စီးစွမ်းအားကို ထိန်းချုပ်နိုင်တဲ့ နတ်ဘုရားဓား"

မိန်းကလေးတပည့်တစ်ဦးသည် နန်ဟွားဂိုဏ်း ရင်ပြင်တွင်ရပ်ကာ လက်ညှိုးနှင့် လက်ခလယ်ကို ကောင်းကင်သို့ ညွှန်ပြ၍ ကြွေးကြော်လိုက်သည်။

"စီနီယာအစ်မ၊ ကျွန်မ ရွတ်ဆိုတာ မမိုက်ဘူးလား ဟီးဟီး"

နောက်ထပ် မိန်းကလေးတပည့်တစ်ယောက်က

"ညီမလေး ... နင် နတ်ဘုရားမိုးကြိုးအမိန့်တော်ကို မတွေးသေးနဲ့။ ဓား ထိန်းပညာကို အရင်သင်ယူနိုင်အောင် လုပ်ပါဦး ။ ဓားထိန်းပညာကို ငါ ကျွမ်းကျင်ပြီးရင် တောင်ဘက်မှာရှိတဲ့ ဟောင်ရန် ဂိုဏ်းကနေ မြောက်ဘက် မှာရှိတဲ့ ယီမူ နန်းတော်ဆီ ဓားပျံနဲ့ ခရီးထွက်ပြပြီး သူတို့ကို အကြီးအကျယ် ထိတ်လန့်စေမယ် ဟမ့် ... "

နောက်ထပ်မိန်းကလေးတပည့်တစ်ဦးမှလည်း အံ့ဩတကြီးပြောခဲ့သည်။

"ဒါက အရမ်းအစွမ်းထက်တယ် ... ကမ္ဘာပေါ်မှာ ဒီလိုနေရာမျိုးရှိတယ် ဆိုတာ ငါ ဘယ်တုန်းကမှ စိတ်ကူးမယဉ်ခဲ့ဖူးဘူး။ ငါ့ရဲ့ခွန်အား၊ဓားသိုင်းနဲ့ ဝိညာဉ်စွမ်းရည်တွေ တိုးလာတယ်လို့ ခံစားရတယ်။ တီဗီစီးရီးထဲကအရမ်း အစွမ်းထက်တဲ့တိုက်ပွဲကနေ အများကြီးသင်ယူခဲ့ရတယ်။ ဂိုဏ်းမှာ ကျင့်ကြံ ရတာနဲ့ လုံးဝကွဲပြားခြားနားတဲ့ အတွေ့အကြုံပဲ။ "

"စီနီယာအစ်မ၊ မကြာခင်မှာ အစ်မလျိုနင်းယွင်ကို အနိုင်ယူနိုင်ပြီး နန် ဟွားကောင်းကင်ဘုံ နတ်နိမယ်ဘွဲ့ကို ရမှာသေချာတယ်။ "

"မှန်တယ် ... "

မိုရှန်း၏မျက်နှာသည် အေးခဲလာသည်။ "နန်ဟွားကောင်းကင်ဘုံနတ်နိ မယ်လား ....

။ နန်ဟွားကောင်းကင်ဘုံနတ်နိမယ်ဘွဲ့ကို ငါက ဘာကြောင့် ယူရမှာလဲ"

"အိုး ... " အခြားသော မိန်းကလေးတပည့်များ အံ့ဩသွားကြသည်။

"စီနီယာအစ်မ၊ နင်မဟုတ်ရင် ဒီဘွဲ့နဲ့ ထိုက်တန်တာ ဘယ်သူ ရှိဦးမှာလဲ။ "

"ဟုတ်တယ်၊အစ်မ နင်က သူ့ထက် စီနီယာကျတာပဲ။ ချင်ယွင်ဂိုဏ်းရဲ့ အစွမ်းထက် စိတ်ဝိညာဉ် မန္တန်တွေကို နင် ကျွမ်းကျင်သွားရင် လျိုနင်းယွင်

က အစ်မနဲ့ ယှဉ်နိုင်မှာမဟုတ်ဘူး"

""စီနီယာအစ်မ၊ နင်..သူ့ကိုကြောက်နေတာလား"

ထိုအခါ ..မိုရှန်းက ပြောဆိုလာသည်။

"ကောင်မလေးတွေ နင်တို့ သိပ်တုံးအပါလား။ နန်ဟွားကောင်းကင်ဘုံ နတ်နိမယ်ဖြစ်ရတာ ဘာ အကျိုးကျေးဇူးရှိလို့လဲ။ စဉ်းစားကြည့်..ဂျူနီယာ ညီမလျို ဘာလို့ အကျယ်ချုပ်ခံရလဲ နင်တို့ တွေးကြည့်စမ်း။ "

"ဒါလား။ သူက မကျင့်ကြံဘဲ တစ်ဝက်မြို့တော်ကို ခဏ ခဏသွားခဲ့လို့လေ"

ကျန်မိန်းကလေးတွေ ထိုသို့ ပြန်ဖြေကြသည်။

"မှန်တယ် ... နန်ဟွားကောင်းကင်ဘုံနတ်နိမယ် ဖြစ်လာရင်နန်ဟွားဂိုဏ်းရဲ့ အစွမ်းထက်ဆုံး နန်ဟွားကောင်းကင်ဘုံအလင်းတန်းကို လေ့လာနိုင်တယ်။ ဒါပေမယ့် ငါတို့က ဓားနတ်ဘုရားမိုးကြိုး အမိန့်တော်မန္တန်ကို သင်ယူကြမှာ မဟုတ်လား။ နန်ဟွားကောင်းကင်ဘုံနတ်နိမယ် နေရာအတွက် ငါဘာလို့ တိုက်ပွဲဝင်ရမလဲ။ "

"ဟုတ်တယ် နော် အစ်မ..." တခြားမိန်းကလေးတွေက ရုတ်တရက် သဘောပေါက်သွားသည်။ "နင် သူ့နေရာကိုယူရင် ကျောက်စိမ်းဘုရင်မင်းဆက်ကို သွားကြည့်လို့မရတော့ဘူးပဲ ... "

"ဒါဆို ထိုက်ကျိမှော်သိုင်းနဲ့ ဓားထိန်းပညာကို မသင်ယူနိုင်တော့ဘူး။ ပြီးတော့ ဓားနတ်ဘုရားမိုးကြိုး အမိန့်တော်မန္တန်ရောပဲ ။ "

မိုရှန်းသည် သူမ၏ ပါးနပ်မှုအတွက် ဂုဏ်ယူကာ ဆက်ပြောသည်။

"အတိအကျပဲ။ ပထမတစ်ချက် ... ဆရာက ငါ့အပေါ် ပိုတင်းကြပ်လိမ့်မယ်။ ဒုတိယတစ်ချက် ... နန်ဟွာ တားမြစ်နေရာကို ငါစောင့်ကြပ်ရလိမ့်

မယ်။ စောင့်ကြပ်တယ်ဆိုတာ ငါ သွားချင်တိုင်း ထွက်သွားလို့မရဘူး။ ကျောက်စိမ်းဘုရင်မင်းဆက်က အပိုင်း ၁၀၀၊၂၀၀ တွေ ရောက်လာပါပြီ ထားလိုက်။ အဲဒီအချိန်မှာ ငါဘယ်လိုသွားကြည့်နိုင်မလဲ။ "

အခြားမိန်းကလေးတပည့်တစ်ဦးမှ ထောက်ခံလာသည်။

"ဟုတ်တယ် ... ဟုတ်တယ် ... ခေါက်ဆွဲဘူးစားချင်ရင် ဘယ်လိုလုပ်မလဲ။ ဒီဆိုင်ပိုင်ရှင်က သူ့အစားအစာတွေကို အပြင်သယ်ခွင့်မပေးဘူး ... "

"ဟုတ်တယ်။ စီနီယာအစ်မက နန်ဟွား ကောင်းကင်ဘုံနတ်မိမယ်မလုပ်သင့်ဘူး ... "

"အစ်မပြောတာမှန်တယ် ... ဂျူနီယာညီမလျိုက နန်ဟွားကောင်းကင်ဘုံနတ်မိမယ်အဖြစ် ရှိနေတာ အကောင်းဆုံးပဲ။ "

မကြာခင်မှာ အားလုံးက ထိုအချက်ကို သဘောတူလာကြသည်။

မိုရှန်းက ခေါင်းညိတ်ရင်း "အခုမှစပြီး ဂျူနီယာညီမလျိုဆီက နန်ဟွားကောင်းကင်ဘုံနတ်နိမယ် ဘွဲ့ကို ငါ လက်လွှဲမယူရအောင် ဂျူနီယာညီမလျို အကြောင်းကို ဆရာ့ရှေ့မှာ ကောင်းကောင်း ပြောဆိုပေးရမယ်။ "

"စီနီယာအစ်မပြောတာ မှန်တယ် ... "

မျက်နှာဝိုင်းမိန်းကလေးတပည့်တစ်ဦးက ပြောဆိုလာသည်။

"အခုစဉ်းစားကြည့်တော့ ဂျူနီယာညီမလျိုက ချစ်စရာကောင်းတဲ့ ကောင်မလေးပဲ။ သူမက လှတယ်၊ အရည်အချင်းလည်း ရှိတယ်။ သူမရဲ့ စိတ်နေစိတ်ထားနဲ့ အမူအရာ အကုန်ကောင်းမွန်တာပဲ။ "

"အခု နင်ပြောလိုက်တော့ ဂျူနီယာညီမလျိုရဲ့ သိမ်မွေ့တဲ့ အပြုအမူကို တောင်ငါအမှတ်ရသွားပြီ။ နည်းနည်း မောက်မာတာလေးကလွဲရင်ပေါ့ ... "

ကျန်တစ်ဦးက ထပ်၍..

"ဟုတ်ပါတယ်…ဒါပေမယ့်။ သူက စီနီယာအစ်မမိုရဲ့ သိမ်မွေ့မှုကို တော့..မယှဉ်နိုင်သေးဘူး"

"ငါနဲ့ မယှဉ်နိုင်ဘူးလား။ ကောင်မလေး နင်လျှောက်မပြောရဘူး "

မိုရှန်းက ထိုသို့ပြောဆိုလာသည့် တစ်ဦးကို မျက်စောင်းထိုးလိုက်သည်။

"ဂျူနီယာညီမလျိုက နှစ်တစ်ထောင်မှာ တစ်ယောက်ပေါ်ထွန်းလာတဲ့ ရှားပါးတဲ့ပါရမီရှင်လို့ အကြီးအကဲတွေရဲ့ အသိအမှတ်ပြုခံထားရတာ။ နန်ဟွားအကနဲ့အသတ်မဲ့သိုင်းနည်းစနစ်နဲ့ပတ်သတ်ပြီး သူက ငါတို့အားလုံး ထက် သာလွန်ကောင်းမွန်တဲ့ အဆင့်မှာရှိတယ်..."

...

ရှီချီဝိညာဉ်သခင်သည် နန်ဟွားဂိုဏ်း၏ လေးစားရသော သြဇာကြီးမားသည့် ဒုတိယအကြီးအကဲဖြစ်ပြီး ထိုအမျိုးသမီးသည် မိုရှန်းနှင့် လျူနင်းယွင်တို့၏ဆရာလည်းဖြစ်သည်။

- နောက်တစ်နေ့နံနက်တွင် ရှီချီဝိညာဉ်သခင် နေထိုင်ရာ စံအိမ်၌ -

"တပည့် အန်ယာ နဲ့ ယွဲ့ယန်..ဆရာ့ကို နှုတ်ဆက်ဖို့ လာပါတယ်။ "

အဖြူရောင်ဝတ် တပည့်နှစ်ယောက် ဝင်လာ ကာ ရိုကျိုးစွာပြောလိုက်သည်။

"ကောင်းပြီ။ "

ရှီချီဝိညာဉ်သခင်က ညင်သာစွာ ခေါင်းညိတ်သည်။ သူမ၏ တံခါးပိတ်ကျင့်ကြံနေစဉ် ကာလမှလွဲ၍ သူမ၏ တိုက်ရိုက်တပည့်များမှာ သူမကို မပျက်ကွက်ဘဲ နေ့တိုင်း လာရောက် နှုတ်ဆက် တတ်သည်မှာ ပုံမှန်ဖြစ်သည်။

သို့သော် တပည့်နှစ်ယောက်က သူမကို နှုတ်ဆက်ပြီးနောက် မထွက်သွားဘဲ တုံ့ဆိုင်း နေကြသည်။

"မင်းတို့ ပြောစရာရှိလို့လား"

တပည့်နှစ်ယောက်က အချင်းချင်းကြည့်ကာ ဘယ်ဘက်ရှိ မျက်နှာဝိုင်း တပည့် အန်ယာက ရှေ့တက်လာပြီး

"ညီမလျို့ကို ဆရာ အကျယ်ချုပ်ချထားတယ်ဆိုတာ မနေ့က ကျွန်မတို့ ကြားခဲ့ရပါတယ်..."

"အကျယ်ချုပ်ချတာလား ...။ "

ရှီချိဝိညာဉ်သခင်သည် သူတို့၏ အတင်းအဖျင်းစကားများကို မကြားချင်ပါ။

"မင်းတို့ ဂျူနီယာညီမလျို့ကို သဘောမကျတာ ငါသိပါတယ်။ ဒါပေမယ့် မင်းကို နောက်ကွယ်မှာ မကောင်း ,မပြောဖို့ ငါသတိပေးထားတယ် မဟုတ်လား။ "

"မဟုတ်ပါဘူး...ဆရာ" အခြားတပည့် ယွဲ့ယန်က ချက်ချင်းရှင်းပြသည်။

"ဂျူနီယာညီမလျို့မှာ အရည်အချင်းကောင်းရှိပြီး ငါတို့အဖွဲ့ထဲမှာ ရှားရှားပါးပါး ပါရမီရှင်တစ်ယောက်ဆိုတာ ကျွန်မတို့ ပြောချင်တာပါ ... "

အန်ယာက ခေါင်းညိတ်ပြီး "ဂျူနီယာညီမယွဲ့ ပြောတာမှန်ပါတယ်။ ဂျူနီယာညီမလျို့က ကျင့်ကြံတာမှာ အရမ်းကြိုးစားနေတယ်။ မနေ့ညက သူ့ အခန်းကို အမှတ်မထင်ဖြတ်လျှောက်သွားတာ ညသန်းခေါင်အထိ သူ မအိပ်ဘဲ ကျင့်ကြံနေတာကို

တပည့် မြင်ခဲ့ပါတယ်။ "

တပည့်နှစ်ယောက် ထွက်သွားသောအခါ ရှီချိဝိညာဉ်သခင်မှာ

အနည်းငယ်ဝေဝါးသွားသည်။

ထိုအချိန်တွင် အခြားသော မိန်းကလေး တပည့်နှစ်ဦး လာ၍ နှုတ်ဆက်ပြန်သည်။

"တပည့် ရှုယွင် နဲ့ ယွဲ့ယန် လာနှုတ်ဆက်ပါတယ်။ "

ကိုယ်ခန္ဓာသေးသွယ်သည့် တပည့်တစ်ဦးက သူ့အား ဦးညွှတ်၍ အရိုအသေပေးသည်။

"ကောင်းပြီ။ "

ရှီချီဝိညာဉ်သခင်က ခေါင်းညိတ်လိုက်သည်။

"ဆရာ"

ရှုယွင်က ခေတ္တရပ်လိုက်သည်။

"အိုး ... " ရှီချီဝိညာဉ်သခင်က စူးစမ်းလိုက်သည်။

"မင်းမှာ ပြောစရာရှိလို့လား"

"ဟုတ်ပါတယ်...ဆရာ"

ရှုယွင်က ချီတုံချတုံနှင့် ပြောလာသည်။ "တကယ်တော့... ဂျူနီယာညီမလျှိုက အရမ်းတော်တဲ့လူပဲ ... အရင်က မသိခဲ့ဘူး..."

နောက်တော့ ရှီချီဝိညာဉ်သခင်ဆီမှာ..တပည့်တွေ ပိုများလာသည်။

"တပည့် ကျန်းယန်..လာနှုတ်ဆက်ပါတယ်..ဆရာ"

"တပည့် လုရှင်းလာနှုတ်ဆက်ပါတယ် ဆရာ ..."

ယခုအချိန်တွင် ရှီချီဝိညာဉ်သခင်သည် အနည်းငယ် အံ့သြသွားရသည်။ ထို့နောက် သူမသည် အနက်ရောင်ဝတ်စုံဝတ်ထားသည့် မိုရှန်းကို လှမ်းမြင်လိုက်ရသည်။

မိုရှန်းက ပြောလာသည်။

"ဆရာ၊ မနေ့က ကျွန်မကြားခဲ့ပါတယ်... ဆရာက ဂျူနီယာညီမလျိုကို အကျယ်ချုပ် ချထားတာလား ... "

ရှီချီဝိညာဉ်သခင်သည် သူမ၏အကြီးဆုံးတပည့်က လျိုနင်းယွင်ကို မကြိုက်ဆုံးဖြစ်ပြီး တတ်နိုင်သမျှ လျိုနင်းယွင်ကို အပြစ်ရှာမည်ဟု သိထားသည်။ ယနေ့လည်း

မိုရှန်း..ထိုသို့ထပ်မံလုပ်ဆောင်လေမည်လား...။

ရှီချီဝိညာဉ်သခင်က အေးစက်သောလေသံဖြင့် ဟန့်တားလိုက်သည်။ "မင်း ဒီကိစ္စမှာ ပါဝင်ဖို့ မလိုဘူး ... "

သို့သော်လည်း မိုရှန်းက ဆက်ပြောလာသည်။

"ဆရာ၊ စိတ်ဆိုးနေသေးတာ တပည့်သိပါတယ်။ ဒါပေမယ့် ဂျူနီယာညီမလျိုအပေါ်မှာ အတင်းအကြပ် မလုပ်စေချင်ပါဘူး ... "

ရှီချီဝိညာဉ်သခင်..အနည်းငယ်ကြောင်အ သွားသည်။ "အင်... ... "

"ဂျူနီယာညီမလျိုက ရူးသွပ်စွာ လုပ်တတ်သူတော့ မဟုတ်ပါဘူး။ ဆရာနားမလည်တဲ့အရာကို လုပ်ခဲ့ရင်တောင် သူ့မှာ အကြောင်းပြချက်ရှိနိုင်ပါတယ်..။

ဆရာ ဒေါသထွက်ပြီး သူမရဲ့ နန်ဟွားကောင်းကင်ဘုံနတ်သမီးဆိုတဲ့ ဘွဲ့ကို မရုပ်သိမ်းပေးဖို့ ပြောချင်ပါတယ်.."

ရှီချီဝိညာဉ်သခင် အံ့အားသင့်သွားသည်။

မိုရှန်း။ ။ ဒီကောင်မလေးက တကယ်ပဲ ဘာကိုဆိုလိုနေတာလဲ ... ... မနေ့က ငါ့ကို ပြောခဲ့တာ လျိုနင်းယွင်က ပျင်းပြီး ဘာမှ အသုံးမကျဘူးလို့ မင်း ပြောခဲ့တာလေ။

လျှိုနင်းယွင်က နန်ဟွားကောင်းကင်ဘုံနတ်မိမယ်ဘွဲ့နဲ့ မထိုက်တန်ဘူး လို့တောင် မင်း ရှုံ့ချခဲ့တာလေ။ မင်းပြောခဲ့သမျှကို မင်းဘယ်လို ပြင်ပြော နေတာလဲ။

ရှီချီဝိညာဥ်သခင် ထိုသို့ တွေးတောကာ လျှိုနင်းယွင်အား ထောက်ခံနေသော မိုရှန်းကို လူထူးဆန်းကဲ့သို့ ကြည့်လိုက်တော့သည်။

***